ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၃ ခုနှစ်၊ ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## ၂၀၁၃ ခုနှစ်၊ ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

( ၂၀၁၃ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁၂ ။)

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

ကချင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အပိုင်း ၁

### အမည်နှင့်စတင်အကျိုးသက်ရောက်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ ကချင်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၃–၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကချင်ပြည်နယ်တစ်ဝန်းလုံး၌ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက် စေရမည်။

အပိုင်း ၂

### ပြည်နယ်အစိုးရအဖွဲ့၊
### ပြည်နယ်လွှတ်တော်၊
### ပြည်နယ်တရားလွှတ်တော်၊
### ပြည်နယ်ဥပဒေချုပ်၊
### ပြည်နယ်စာရင်းစစ်ချုပ်၊
### ပြည်နယ်ဝန်ကြီးဌာနများ၊
### ပြည်နယ်အဆင့်ဦးစီးဌာနများ၊
### စည်ပင်သာယာရေးအဖွဲ့များ။

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ ရသောရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁)၊ (၂)၊ (၃)နှင့်(၄)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေများကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေများကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား(၁)နှင့်(၃) တို့တွင် ဖော်ပြထားသော ရငွေများ အနက် ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ၊ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)နှင့် (၄)တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

၄။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ၊ ရသောရငွေများနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော

၂၀၁၃–၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။ အခွန်ဆိုင်ရာဥပဒေများနှင့်အညီ ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝရရှိစေရန် ကောက်ခံရမည်။

(ခ) ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့အစည်းများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများ အတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပုဒ်မ(၃)၊ ပုဒ်မခွဲ (ဃ)အရ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃–၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တင်ပြပြီး နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ(၃)၊ ပုဒ်မခွဲ (ဃ)အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်။

(ဃ) ပုဒ်မ ၄ ပုဒ်မခွဲ(က) (ခ)နှင့် စပ်လျဉ်း၍ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို ကိစ္စတစ်ရပ်ချင်းစီ အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသည့် ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်။

၅။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၁)(၂)(၃)နှင့်(၄)တို့တွင် ဖော်ပြထားသော ငွေများကို ကချင်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် လွှဲပြောင်းနိုင်သည်။ ထိုသို့ ငွေများလွှဲပြောင်းခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ် အတွက် ပြင်ဆင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန် သော်လည်းကောင်း လိုအပ်မည့်ငွေကို ထောက်ပံ့ငွေဖြင့် ဖြစ်စေ၊ ချေးငွေဖြင့် ဖြစ်စေ ကချင်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၆။ ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

အပိုင်း ၃

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၇။ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် စီးပွားရေးဆန်ဆန် ဆောင်ရွက်ကြရမည်။

၈။ (က) ဇယား(၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ငွေများသည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်သည်။

(ခ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၅)နှင့်(၆)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေများကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေများကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၅)နှင့်(၆)တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ် အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ထိုသို့ အမှန်စာရင်းပြောင်းလဲခြင်းများကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ အနီးကပ်ဆုံး ကျင်းပသည့် ပြည်နယ်လွှတ်တော်သို့ တင်ပြ အတည်ပြုချက် ရယူရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) လဂျွန်ငန်ဆိုင်း 24/5/13

ဝန်ကြီးချုပ်

ကချင်ပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | အခွန်အကောက် | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | ရငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၅. ၃၁၁ | | ၃၆၀. ၇၁၃ | | | ၁၀၀၀. ၀၀၀ | | | |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၇. ၅၁၀ | | | | | | |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၁၄၄ | | | | | | |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၁၁၀ | | | | | | |
| | ပေါင်း | | ၃၅. ၃၁၁ | | ၃၇၈. ၄၇၇ | | | ၁၀၀၀. ၀၀၀ | | | |

ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | **ပြည်နယ်အစိုးရအဖွဲ့** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၁၉. ၁၆၄ | | ၁၃၆၀. ၇၁၃ | ၂၆၇. ၆၀၀ | | | |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၂၃၅. ၅၂၁ | | | ၅၁. ၄၀၀ | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၄၇၅. ၄၄၀ | | | ၃၁၆. ၂၅၄ | | | |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၂၁၄. ၆၆၅ | | | ၄၉. ၂၇၀ | | | |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၄၀၇. ၉၇၇ | | | | | | |
| | ပေါင်း | | ၁၅၅၂. ၇၆၇ | | ၁၃၆၀. ၇၁၃ | ၆၈၄. ၅၂၄ | | | |

# ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | ရငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုပေါ်တွင်ကောက်ခံသည့် အခွန်အကောက် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၉၀. ၉၃၂ | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၁၉၀. ၉၃၂ | | | | | | | | |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက် | ၄င်း | ၇၀၂. ၆၄၀ | | | | | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့် အခွန် | | ၄၅၈. ၆၃၀ | | | | | | | | |
| | ၂ | ရေနှင့်တာတမံခွန် | | | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၂၅. ၃၀၄ | | | | | | | | |
| | ၄ | ဓါတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အကောက် | | ၁. ၁၂၂ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၁၁၇. ၅၈၅ | | | | | | | | |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန် | ၄င်း | ၅၂၆. ၀၈၆ | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၄၄၇. ၈၇၁ | | | | | | | | |
| | ၂ | ဘီးခွန် | | ၇၈. ၂၁၅ | | | | | | | | |
| ၄ | | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | ၄င်း | | ၁၃၁. ၆၅၃ | | | | | | | |

# ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | ရငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၆. ၉၉၇ | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၆. ၉၆၅ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၀၃၂ | | | | | | |
| ၆ | | သမဝါယမ | ၎င်း | | | ၃. ၄၄၅ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၂. ၈၆၅ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရက်ကန်းကျောင်း) | | | | ၀. ၅၈၀ | | | | | | |
| ၇ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | | | ၁၂. ၇၉၅ | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၀. ၀၉၀ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၁၂. ၇၀၅ | | | | | | |
| ၈ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | | | ၆. ၀၉၂ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၄. ၃၀၀ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၁. ၄၂၂ | | | | | | |
| | ၃ | ပျားလုပ်ငန်းဦးစီးဌာန | | | | ၀. ၃၇၀ | | | | | | |
| ၉ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၎င်း | | | ၁၁. ၁၀၀ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၁၁. ၁၀၀ | | | | | | |
| ၁၀ | | အားကစား | ၎င်း | | | ၄၀. ၃၀၈ | | | | | | |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၄၀. ၃၀၈ | | | | | | |
| ၁၁ | | ဘဏ္ဍာရေးနှင့်အခွန် | ၎င်း | | | ၀. ၀၂၆ | | | ၂၈၇၉၂. ၃၂၉ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | ၀. ၀၂၆ | | | ၂၈၇၉၂. ၃၂၉ | | | |
| ၁၂ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | | | ၀. ၀၁၆ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၀၁၆ | | | | | | |
| ၁၃ | | ဆောက်လုပ်ရေး | ၎င်း | | | ၀. ၁၃၉ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀. ၁၃၉ | | | | | | |
| ၁၄ | | စည်ပင်သာယာရေးအဖွဲ့ | ၎င်း | | | ၅၄၄၅. ၈၆၈ | | | | | | |
| | ၁ | စည်ပင်သာယာရေးအဖွဲ့များ | | | | ၅၄၄၅. ၈၆၈ | | | | | | |
| | | | ပေါင်း | ၁၄၁၉. ၆၅၉ | ၁၃၁. ၆၅၃ | ၅၅၂၆. ၇၈၆ | | | ၂၈၇၉၂. ၃၂၉ | | | |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၃၆၀၇.၈၅၁ | | ၂၀.၀၀၀ | ၃၂၄၇.၁၃၁ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၅၃၀.၉၁၂ | | ၂၀.၀၀၀ | ၃၂၄၇.၁၃၁ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၈၆.၉၃၉ | | | | | | |
| ၂ | | သမဝါယမ | ၄င်း | ၂၇၀.၁၁၀ | | | ၁၁.၈၈၀ | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၂၅၈.၁၈၅ | | | ၀.၇၀၀ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရက်ကန်းကျောင်း) | | ၁၁.၉၂၅ | | | ၁၁.၁၈၀ | | | |
| ၃ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၄င်း | ၇၃၅.၀၂၇ | | | ၁၉၉.၉၇၅ | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၅၇.၆၅၉ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၆၀၇.၈၅၂ | | | ၇.၉၇၅ | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၆၉.၅၁၆ | | | ၁၉၂.၀၀၀ | | | |
| ၄ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၄င်း | ၃၃၆.၆၉၀ | | | ၅၉.၁၄၄ | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၉၅.၃၀၂ | | | ၆.၄၉၄ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၂၀၀.၁၁၈ | | | ၄၆.၆၅၀ | | | |
| | ၃ | ပျားလုပ်ငန်းဦးစီးဌာန | | ၄၀.၂၆၀ | | | ၆.၀၀၀ | | | |
| ၅ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၄င်း | ၅၀၇.၀၅၃ | | | ၁၇.၇၁၀ | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၅၀၇.၀၅၃ | | | ၁၇.၇၁၀ | | | |
| ၆ | | အားကစား | ၄င်း | ၁၈၈.၃၃၃ | | | ၂၈၀.၄၂၇ | | | |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၁၈၈.၃၃၃ | | | ၂၈၀.၄၂၇ | | | |
| ၇ | | ဘဏ္ဍာရေးနှင့်အခွန် | ၄င်း | ၄၈.၉၇၃ | | | ၃၀၅.၉၀၂ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၄၈.၉၇၃ | | | ၃၀၅.၉၀၂ | | | |
| ၈ | | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၄င်း | ၂၅၀.၁၄၄ | | | ၂.၆၈၀ | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၂၅၀.၁၄၄ | | | ၂.၆၈၀ | | | |
| ၉ | | ဆောက်လုပ်ရေး | ၄င်း | ၇၈၁၀.၅၁၆ | | | ၁၀၂၀၄.၉၆၀ | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၃၀.၈၇၅ | | | ၉၂၆.၆၀၀ | | | |
| | ၂ | အဆောက်အအုံ၊ လမ်းနှင့်တံတားများပြင်ဆင်ထိန်းသိမ်းခြင်း | | ၇၆၇၉.၆၄၁ | | | ၉၂၇၈.၃၆၀ | | | |
| ၁၀ | | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး | ၄င်း | ၉.၅၆၂ | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၉.၅၆၂ | | | | | | |
| ၁၁ | | စည်ပင်သာယာရေးအဖွဲ့ | ၄င်း | ၂၁၉၆.၁၆၅ | | | ၃၆၅၀.၅၂၅ | | | |
| | ၁ | စည်ပင်သာယာရေးအဖွဲ့များ | | ၂၁၉၆.၁၆၅ | | | ၃၆၅၀.၅၂၅ | | | |
| | | ပေါင်း | | ၁၅၉၇၀.၄၂၄ | | ၂၀.၀၀၀ | ၁၇၉၈၀.၃၄၄ | | | |

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | ရငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | မြန်ကြားရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | | | ၉.၀၀၀ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၉.၀၀၀ | | | | | | |
| ၂ | | သတ္တုတွင်း | ၄င်း | | | ၂.၉၄၀ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့် အဏ္ဏဝါဓါတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | | | | ၂.၉၄၀ | | | | | | |
| ၃ | | ဆောက်လုပ်ရေး | ၄င်း | | | ၁၇၁၄၈.၀၀၁ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၁၇၁၄၈.၀၀၁ | | | | | | |
| | | ပေါင်း | | | | ၁၇၁၅၉.၉၄၁ | | | | | | |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | မြန်ကြားရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၁၁. ၁၉၀ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၁. ၁၉၀ | | | | | | |
| ၂ | | သတ္တုတွင်း | ၎င်း | ၁၄. ၉၇၀ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့် အဏ္ဏဝါဓါတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | | ၁၄. ၉၇၀ | | | | | | |
| ၃ | | ဆောက်လုပ်ရေး | ၎င်း | ၁၆၈၄၉. ၂၂၄ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၁၆၈၄၉. ၂၂၄ | | | | | | |
| | | ပေါင်း | | ၁၆၈၇၅. ၃၈၄ | | | | | | |